THE WORLD BANK
IBRD • IDA | WORLD BANK GROUP

Australian Government
Department of Foreign Affairs and Trade

**သတင်းထုတ်ပြန်ချက်**

# *မြန်မာ ကျောင်းသူ ကျောင်းသား သန်းပေါင်းများစွာ အကျိုးရရှိစေမည့် ဩစတြေးလျအစိုးရနှင့် ကမ္ဘာ့ဘဏ်၏ ပူးပေါင်းကူညီမှု*

**၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၁ ရက်၊ ဂါရှင်တန် ဒီစီ** - မြန်မာ ကျောင်းသူ ကျောင်းသား သန်းပေါင်းများစွာ အကျိုးရရှိစေနိုင်မည့် အရည်အသွေးမြင့်မားသည့် ပညာရေးဆိုင်ရာ စီမံချက်များကို ဆောင်ရွက်သွားနိုင်ရန်အတွက် မြန်မာနိုင်ငံအစိုးရသည် ကမ္ဘာ့ဘဏ်အုပ်စု၊ ဩစတြေးလျ အစိုးရတို့နှင့် သဘောတူညီမှုတစ်ရပ်အား လက်မှတ်ရေးထိုးခဲ့ပါသည်။

မြန်မာနိုင်ငံ စာသင်ကျောင်းများသို့ ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ထားသည့် ထောက်ပံ့ငွေများပေးအပ်ခြင်း စီမံကိန်းအား ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေး အသင်း (International Development Association) ၏ ချေးငွေ ဒေါ်လာသန်း ၈၀ အပြင် ဩစတြေးလျ နိုင်ငံ အစိုးရကလည်း အလှူရှင်များ၏ ယုံကြည်မှု စုပေါင်း ရန်ပုံငွေမှတစ်ဆင့် ထောက်ပံ့ငွေ ဒေါ်လာသန်း ၂၀ စုစုပေါင်း ဒေါ်လာသန်း ၁၀၀ ကူညီ ပံ့ပိုးပေးသွားမည် ဖြစ်သည်။ စီမံကိန်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ အစိုးရက လက်ရှိ ဆောင်ရွက်နေသည့် ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်း ထောက်ပံ့ကြေး စီမံချက်များကို ပိုမို တိုးတက် ကောင်းမွန်စေရန်နှင့် တိုးချဲ့ ဆောင်ရွက်သွားနိုင်ရန် အတွက် ဖြစ်ပါသည်။

ယခု စီမံကိန်းမှ တစ်ဆင့် ကျေးလက်ဒေသမှ နွမ်းပါးသည့် ကျောင်းသူ ကျောင်းသားစုစုပေါင်း ၈.၂ သန်းခန့် တက်ရောက်နေသည့် စာသင်ကျောင်းများအတွက် ထောက်ပံ့ငွေများ ပိုမို ရရှိလာမည်ဖြစ်သည်။ အလားတူပင် နွမ်းပါးသည့် ကျောင်းသား တစ်သိန်းခန့် လည်း ကျောင်းဆက်လက် တက်ရောက်နိုင်ရန် ငွေကြေး အကူအညီများ ရရှိနိုင်မည်ဖြစ်သည်။ ပညာရေး ဝန်ကြီး ဌာန လက်အောက်ရှိ စာသင်ကျောင်းများ အားလုံးအတွက် ကျောင်းထောက်ပံ့ကြေးပေးသည့် စီမံချက် တိုးချဲ့ ဆောင်ရွက်နိုင်ရန် အတွက် ပညာရေး ဝန်ကြီးဌာနအား တိုက်ရိုက် ကူညီသွားနိုင်မည် ဖြစ်ပြီး ပညာသင် ထောက်ပံ့ကြေး စီမံချက်အား မြို့နယ် လေးဆယ်တွင် ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အပြင် စီမံချက်များအား အကောင် အထည်ဖော် ဆောင်ရွက်ရန်နှင့် ကြီးကြပ် ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာန၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ရန်လည်း ရည်ရွယ်ထားပါသည်။

"ကလေးတွေ၊ သူတို့ရဲ့ မိသားစုတွေ၊ ရပ်ရွာ လူထုတွေနဲ့ တိုင်းပြည်အတွက် ကောင်းမွန်တဲ့ ပညာရေးက အကျိုးဖြစ်ထွန်းစေမှာပါ။ ကျောင်းထောက်ပံ့ကြေး စီမံချက်နဲ့ နွမ်းပါးတဲ့ ကလေးတွေအတွက် ဦးတည်ထားတဲ့ ပညာသင် ထောက်ပံ့ကြေး စီမံချက်တွေကြောင့် ကျောင်းဆက်လက် တက်ပြီး ပညာသင်ယူနိုင်တဲ့ ကလေးတွေ အရေအတွက် ပိုများ လာပါလိမ့်မယ်။ ဒီစီမံချက်တွေ တိုးချဲ့နိုင်ဖို့ မြန်မာနိုင်ငံနဲ့ ပူးပေါင်း ဆောင်ရွက်နိုင်တဲ့အတွက် ဩစတြေးလျနိုင်ငံ အစိုးရအနေနဲ့ အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါတယ်" ဟု မြန်မာ နိုင်ငံဆိုင်ရာ ဩစတြေးလျ သံအမတ် Bronte Moules က ပြောသည်။

အသက် ၁၀ နှစ်အရွယ် မတိုင်မီ နွမ်းပါးသည့် မိသားစုများမှ ကလေးငယ် စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းခန့်သည် ကျောင်း ပညာရေး ပြီးဆုံးအောင် မတက်ရောက်နိုင်ကြပေ။ နှိုင်းယှဉ်ကြည့်မည်ဆိုပါက ချမ်းသာသည့် မိသားစုများမှ ပေါက်ဖွားလာသည့် ကလေးများ၏ ကျောင်းထွက်နှုန်းမှာ မမြင့်မားလှပေ။ ယခု စီမံကိန်းသည် မြန်မာနိုင်ငံ ပညာရေးကဏ္ဍတွင် အရေးကြီးသည့် ရေရှည် ရည်မှန်းချက်များကို ဖြည့်ဆည်းနိုင်ရန် ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်သည်။ ကျောင်းထောက်ပံ့ကြေးနှင့် ပညာသင် ထောက်ပံ့ကြေး စီမံချက်များကို အကောင်အထည်ဖော်ရာတွင် ပိုမို တိုးတက် ကောင်းမွန်လာစေရန် အကူအညီပေးခြင်းသည် ပညာ ဆက်လက် သင်ကြားနိုင်မည့် ကျောင်းသား အရေအတွက် တိုးလာစေနိုင်ပြီး နိုင်ငံသားအားလုံးအတွက် အရည်အသွေးမြင့်မားသည့် ပညာရေးကို ပေးအပ်နိုင်ရန်အတွက် ပညာရေး ဝန်ကြီးဌာန၏ စွမ်းရည်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

"ကလေးတွေကို ကောင်းမွန်တဲ့ ပညာရေး ပေးနိုင်ဖို့က မြန်မာနိုင်ငံအတွက် အရေးကြီးပါတယ်။ မြန်မာနိုင်ငံ အစိုးရရဲ့ ယခု စီမံကိန်းက မြန်မာတစ်နိုင်ငံလုံးမှာ ပညာရေး တိုးတက်လာဖို့ အထောက်အကူပေးမှာပါ။ အရည်အသွေးကောင်းမွန်တဲ့ ပညာရေးကို ယူဆောင်လာနိုင်မယ်၊ ကျောင်းသားတွေ အတွက် ပိုမိုကောင်းမွန်တဲ့ အခွင့်အလမ်းတွေ ရလာမယ်၊ ဒီလို ထင်သာ မြင်သာတဲ့ အကျိုးကျေးဇူးတွေကို ရရှိနိုင်မှာဖြစ်တယ်။ ကမ္ဘာ့ဘဏ်အနေနဲ့လည်း ဒီစီမံကိန်းတွေကို ကူညီဖို့ ခိုင်မာတဲ့ ဆန္ဒရှိနေပါတယ်" ဟု ကမ္ဘာ့ဘဏ်၏ အရှေ့တောင်အာရှ ညွှန်ကြားရေးမှူး Mr. Ulrich Zachau က ပြောသည်။

ယခုပေးအပ်သည့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအသင်း (International Development Association) ချေးငွေ ဒေါ်လာ သန်း၈၀သည် ကမ္ဘာ့ဘဏ်၏ အလျင်အမြန်တိုးချဲ့ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအနက် တစ်ခုဖြစ်ပါသည်။ ယခုနှစ် ဇန်နဝါရီလက မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ကမ္ဘာ့ဘဏ်အုပ်စု၏ ဥက္ကဋ္ဌ ဂျင်ယုံကမ်သည် မြန်မာနိုင်ငံ အတွက် အမေရိကန်ဒေါ်လာသန်းနှစ်ထောင်ကူညီသွားမည့် ဖွံ့ဖြိုးရေး အစီအစဉ်များကို အသိပေးပြောကြားခဲ့ပါသည်။ ထိုအစီအစဉ်များတွင် စိုက်ပျိုးရေး၊ လျှပ်စစ်၊ ကျန်းမာရေး အပါအဝင် အရေးကြီးသည့် ဖွံ့ဖြိုးရေး ဦးစားပေး ကဏ္ဍများတွင် ကူညီနိုင်မည့် စီမံကိန်းများ ပါဝင်မည်ဖြစ်ပါသည်။

သတင်းအချက်အလက်များကို ပိုမိုသိရှိလိုပါက -

*www.worldbank.org/myanmar*.
*www.worldbank.org/myanmareducation*

**ဆက်သွယ်ရန်**
**ရန်ကုန် - ဦးကျော်စိုးလင်း** klynn@worldbank.org +95 9 203 1159; **Meriem Gray** mgray@worldbank.org +959 421128395
**ဝါရှင်တန် ဒီစီ - Carl Hanlon** chanlon@worldbank.org